ကန့်သတ်

Myanmar Golden Southwest Group Company Limited မှ တင်ပြသည့် အဆိုပြုလွှာနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

တိရစ္ဆာန် အစားအစာများ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း

စဉ်	ဆောင်ရွက်သည့်အကြောင်းအရာ	ဆောင်ရွက်သည့် ရက်စွဲ	အကြောင်းပြန်ကြားသည့် ရက်စွဲ/ ကုမ္ပဏီမှ တင်ပြသည့် ရက်စွဲ	မှတ်ချက်
၁	အတည်ပြုလျှောက်ထားလွှာ တင်ပြ လာခြင်း		၆-၁၁-၂၀၁၈	
၂	လုပ်ငန်း လိုအပ်ချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာန များသို့ သဘောထား တောင်းခံခြင်း - ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (One Stop Service)	၉-၁၁-၂၀၁၈	၂၃-၁၁-၂၀၁၈	
၃	ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အဆိုပြုလွှာလွှဲပြောင်း ပေးပို့ခြင်း	၃၀-၁၁-၂၀၁၈		ပတ်ဝန်းကျင်သဘောထားအရ EIA ဖြစ်၍ လွှဲပြောင်း ပေး ပို့ လာခြင်း ဖြစ်ပါသည်။
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း	၃၉/၂၀၁၈ (၁၀-၁၂-၂၀၁၈)		
၅	အဆိုပြုချက်အားလက်ခံကြောင်း ပြန်ကြားခြင်း	၁၁-၁၂-၂၀၁၈		
၆	အဆိုပြုချက်အပေါ် ပြင်ဆင်တင်ပြရမည့်အချက်များ အကြောင်းကြားခြင်း	၁၈-၁၂-၂၀၁၈	၂-၁-၂၀၁၉	
၇	အဆိုပြုချက်အား ကော်မရှင် အစည်းအဝေးသို့ တင်ပြခြင်း	၁/၂၀၁၉ (၁၁-၁-၂၀၁၉)		
	စုစုပေါင်းကြာမြင့်ရက်	(၄၃) ရက်		

အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု

ကုမ္ပဏီအမည် Myanmar Golden Southwest Group Company Limited

လုပ်ငန်းအမျိုးအစား တိရစ္ဆာန် အစားအစာများ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း

PATအကြိမ်/နေ့စွဲ ၃၉/၂၀၁၈ (၁၀-၁၂-၂၀၁၈)

စဉ်	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ရန် အချက်များ	ဆောင်ရွက်ပြီးစီးမှု ပြီး(✓) မပြီး(x)	မှတ်ချက်
၁	လျှပ်စစ်ဓာတ်အား ရယူမှုအစီအစဉ်နှင့် လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို kWh ဖြင့် ပြင်ဆင်တင်ပြရန်။	✓	
၂	လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ Layout Plan နှင့် အဆောက်အဦ အကျယ် အဝန်းအား ဖော်ပြပေးရန်။	✓	
၃	ပြည်တွင်းဝန်ထမ်းများ၏ လစာနှုန်းထားများအား ပြင်ဆင်တင်ပြရန်။	✓	
၄	စက်မှုမြေငှားဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်ရန်။	✓	

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Golden Southwest Group Company Limited မှ တိရစ္ဆာန် အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။	ကုမ္ပဏီအမည်/	- Myanmar Golden Southwest Group Co., Ltd.
	ရင်းနှီးမြှုပ်နှံသူ	- Mr. Li Pingwen (တရုတ်)
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
		- Yunnan Xi'ernan Feed Co., Ltd. (China) ၉၈ %
		- Myanmar Golden Wish Co., Ltd. (မြန်မာ) ၂ %
	လုပ်ငန်းအမျိုးအစား	- တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်- ၁၁၄၊ ၁၁၆၊ ၁၁၇၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။	မြေပိုင်ရှင်	- ဦးကျော်မြသန်း၊ ဒေါ်ခင်မမျိုး
	မြေအကျယ်အဝန်း	- ဦးကျော်မြသန်းပိုင် မြေ ၄.၀၅၆ ဧက အနက် ၁.၇၁၂ ဧက (၆၉၂၈.၂၂၄ စတုရန်း မီတာ) - ဒေါ်ခင်မမျိုးပိုင် မြေ ၄.၀၃၀ ဧကအနက်မှ ၂.၃၁၉ ဧက (၉၃၈၄.၆၆၈ စတုရန်းမီတာ) - စုစုပေါင်း မြေ ၄.၀၃၁ ဧက (၁၆၃၁၂.၈၉ စတုရန်းမီတာ)
၄။	နှစ်စဉ် မြေငှားရမ်းခ	- တစ်နှစ်ငှားရမ်းခတစ်စတုရန်းမီတာလျှင်US$ ၁.၁၅၃ နှုန်းဖြင့် (မြေ ၁.၇၁၂ ဧက) ၆၉၂၈.၂၂၄ စတုရန်းမီတာအတွက် US$ ၇၉၈၉.၃၃
		- တစ်နှစ်ငှားရမ်းခတစ်စတုရန်းမီတာလျှင်US$ ၁.၁၅၃ နှုန်းဖြင့် (မြေ ၂.၃၁၉ ဧက) ၉၃၈၄.၆၆၈ စတုရန်းမီတာအတွက် US$ ၁၀၈၂၂.၀၀
	မြေငှားရမ်း အသုံးပြုခွင့် သက်တမ်း	- ကနဦး ၃၀ နှစ်
၅။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	- ကနဦး ၃၀ နှစ်

	တည်ဆောက်မှုကာလ/ ပြင်ဆင်မှုကာလ	- ၁ နှစ်
၆။	စုစုပေါင်းမတည်ငွေရင်း ထည့်ဝင်သည့်အမျိုးအစား	- **အမေရိကန်ဒေါ်လာ ၄.၈၆၈ သန်း**

အကြောင်းအရာ	ပြည်ပ (US$/သန်း)	ပြည်တွင်း (US$/သန်း)	စုစုပေါင်း (US$/သန်း)
ငွေသား	၀.၃၈၁	၀.၀၉၇	၀.၄၇၈
စက်ပစ္စည်း	၁.၈၃၀		၁.၈၃၀
အခြား (အဆောက်အဦ တန်ဖိုး)	၂.၅၆၀		၂.၅၆၀
စုစုပေါင်း	၄.၇၇၀	၀.၀၉၇	၄.၈၆၈

၇။	ဝန်ထမ်းအင်အား	- **၂၁၈ ဦး**
	ပြည်တွင်း	- ၂၀၀ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏အနိမ့်ဆုံးလစာမှာ ကျပ် ၁၈၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။)
	ပြည်ပ	- ၁၈ ဦး (ပြည်ပဝန်ထမ်း တစ်ဦး၏အနိမ့်ဆုံးလစာမှာUS$ ၄၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၉၀၀ ဖြစ်ပါသည်။)
၈။	ရောင်းချမည့်စနစ် နှစ်စဉ်ထုတ်လုပ်မှု(ပုံမှန်နှစ်)	- ပြည်တွင်း ၁၀၀%

စဉ်	အမျိုးအစား	အရေအတွက် (MT)	ရောင်းချမည့် ဈေးနှုန်း (Kyat/ MT)
(က)	Broiler Feed	၁၀၀၀၀	၅၀၀,၀၀၀.၀၀
(ခ)	Layer Feed	၁၀၀၀၀	၄၀၀,၀၀၀.၀၀
(ဂ)	Swine Feed	၂၀၀၀	၅၅၀,၀၀၀.၀၀

၉။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၂၀၀,၀၀၀KWh
၁၀။	အခြားတင်ပြချက်	- မြေအထောက်အထားအဖြစ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ စက်မှုလက်မှု လုပ်ငန်းအတွက် ဦးကျော်မြသန်း နှင့် ဒေါ်ခင်မမျိုးအမည်ဖြင့် မြေအသုံးပြုခွင့်ရရှိထားသော အထောက်အထားများ တင်ပြထားပါသည်။ - မြေပိုင်ရှင် ဦးကျော်မြသန်း၊ ဒေါ်ခင်မမျိုးနှင့် Myanmar Golden Southwest Group Co., Ltd. တို့ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း)များနှင့် မြေအထောက်အထားများ ကိုတင်ပြထားပါသည်။

၁၁။	စိစစ်တင်ပြချက်	- Yunnan Xi'ernan Feed Co., Ltd. နှင့် Myanmar Golden Wish Co., Ltd. တို့ ချုပ်ဆိုမည့် ဖက်စပ်စာချုပ် (မူကြမ်း) တင်ပြထားပါသည်။ - Myanmar Golden Southwest Group Co., Ltd. ၏ ကုမ္ပဏီကတ်မိတ္တူ၊ ဒါရိုက်တာများ၏ Passport နှင့် မှတ်ပုံတင်မိတ္တူများ တင်ပြထားပါသည်။ - ငွေရေးကြေးရေး အထောက်အထားအဖြစ် Yunnan Xi'ernan Feed Co., Ltd. အမည်ဖြင့် တရုတ်နိုင်ငံရှိ Village Credit Union တွင် တရုတ်ယွမ် ၄,၅၅၃,၀၆၀.၃၁ (US$ ၆၆၈,၂၆၅.၅၅) ရှိကြောင်းနှင့် Myanmar Golden Wish Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ်တွင် ၃၀-၁၁-၂၀၁၈ ရက်စွဲဖြင့် ကျပ် ၂၆,၁၅၁,၀၆၁.၁၀ ရှိကြောင်း တင်ပြထားပါသည်။ - ပြည်ပမှ စက်ပစ္စည်းတန်ဖိုးအမေရိကန်ဒေါ်လာ ၁.၈၃၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ - ဝန်ထမ်းသက်သာ ချောင်ချိရေးအစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်နှင့် CSR Project တို့ကို တင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်း၏ ထုတ်လုပ်မည့် ပစ္စည်းနမူနာပုံများ တင်ပြထားပါသည်။ - ငှားရမ်းမည့် မြေနေရာနှင့် ပတ်သက်၍ ရှင်းလင်းချက် တင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်းသည် ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပါဝင်ပြီး ISIC Code- 1080 တွင် အကျုံးဝင်ပါသည်။ -အဆိုပြုလုပ်ငန်းသည် ဇုန်(၂)တွင် ပါဝင်ပါသည်။ -တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ အဆိုပြုတင်ပြလာသော လုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရမည် ဖြစ်ကြောင်း သဘောထားပြန်ကြားထားပါသည်။

		- အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ US$ ၄.၈၆၈ သန်းသာရှိသော်လည်း ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံးမှ အမှုတွဲအား လွှဲပြောင်းပေးပို့လာခြင်း ဖြစ်ပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၂/ခ-၀၃၆/၂၀၁၉(၀၀၆)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Golden Southwest Group Company Limited မှ တိရစ္ဆာန် အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ တရုတ်နိုင်ငံ Yunnan Xi'ernan Feed Co., Ltd. မှ ၉၈% နှင့် မြန်မာနိုင်ငံ Myanmar Golden Wish Co., Ltd. မှ ၂% အစုရှယ်ယာများ ထည့်ဝင်၍ မြန်မာနိုင်ငံတွင် တည်ထောင်ထားသည့် Myanmar Golden Southwest Group Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်- ၁၁၄၊ ၁၁၆၊ ၁၁၇ ၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိမြေ ၄.၀၃၀ ဧက (၁၆၃၁၂.၈၉ စတုရန်းမီတာ)အား ငှားရမ်း၍ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ မြေပိုင်ရှင် ဦးကျော်မြသန်း၊ ဒေါ်ခင်မမျိုး နှင့် Myanmar Golden Southwest Group Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း)များ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ စက်မှုလက်မှု လုပ်ငန်းအတွက် ဦးကျော်မြသန်းနှင့် ဒေါ်ခင်မမျိုးအမည်ဖြင့် မြေအသုံးပြုခွင့်ရရှိထားသော အထောက်အထားများ၊ အဆောက်အဦပုံစံ၊ တည်နေရာပြမြေပုံ၊ Yunnan Xi'ernan Feed Co., Ltd. နှင့် Myanmar Golden Wish Co., Ltd. တို့ ချုပ်ဆိုမည့် ဖက်စပ်စာချုပ် (မူကြမ်း) တို့ကို တင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ၃၀ နှစ် ဖြစ်ပါသည်။ မြေငှားရမ်းခမှာ တစ်နှစ်တစ်စတုရန်းမီတာလျှင် US$ ၁.၁၅၃နှုန်းဖြင့် မြေကွက်အမှတ် ၁၁၄ ရှိ မြေ ၁.၇၁၂ ဧက(၆၉၂၈.၂၂၄ စတုရန်းမီတာ) အတွက် တစ်နှစ်ငှားရမ်းခမှာ US$ ၇၉၈၉.၃၃ နှင့် မြေကွက်အမှတ် ၁၁၆၊ ၁၁၇ ရှိ မြေ ၄.၀၃၀ ဧကအနက်မှ ၂.၃၁၉ဧက(၉၃၈၄.၆၆၈ စတုရန်းမီတာ) အတွက် တစ်နှစ်ငှားရမ်းခမှာ US$ ၁၀၈၂၂.၀၀ ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၃၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၁ နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

ကန့်သတ်

၅။ လုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၄.၈၆၈ သန်း (အမေရိကန် ဒေါ်လာ ၄.၇၇၁ သန်းအပါအဝင်) ဖြစ်ပြီး အောက်ပါအတိုင်း ထည့်ဝင်ထားပါသည်-

အကြောင်းအရာ	ပြည်ပ (US$/သန်း)	ပြည်တွင်း (US$/သန်း)	စုစုပေါင်း (US$/သန်း)
ငွေသား	၀.၃၈၁	၀.၀၉၇	၀.၄၇၈
စက်ပစ္စည်း	၁.၈၃၀		၁.၈၃၀
အခြား (အဆောက်အဦတန်ဖိုး)	၂.၅၆၀		၂.၅၆၀
စုစုပေါင်း	၄.၇၇၁	၀.၀၉၇	၄.၈၆၈

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်း ဝန်ထမ်း (၂၀၀)ဦးနှင့် ပြည်ပဝန်ထမ်း (၁၈) ဦး စုစုပေါင်း ဝန်ထမ်းဦးရေ ၂၁၈ ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၈၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံးလစာမှာUS$ ၄၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၉၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်သည့်တိရစ္ဆာန်အစာများအား ပြည်တွင်း ၁၀၀%ရောင်းချမည် ဖြစ်ပါသည်။ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အမျိုးအစား	အရေအတွက် (MT)	ရောင်းချမည့် ဈေးနှုန်း (Kyat/ MT)
(က)	Broiler Feed	၁၀၀၀၀	၅၀၀,၀၀၀.၀၀
(ခ)	Layer Feed	၁၀၀၀၀	၄၀၀,၀၀၀.၀၀
(ဂ)	Swine Feed	၂၀၀၀	၅၅၀,၀၀၀.၀၀

၈။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ်(၄၉)၊ (၆၃)နှင့်အညီ ပြုစုဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင် စီမံ ခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲ တင်ပြရမည်ဖြစ်ကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ**

၉။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Yunnan Xi'ernan Feed Co., Ltd. အမည်ဖြင့် တရုတ်နိုင်ငံရှိ Village Credit Union တွင် တရုတ်ယွမ် ၄,၅၅၃,၀၆၀.၃၀(US$ ၆၆၈,၂၆၅.၅၅) ရှိကြောင်းနှင့် Myanmar Golden Wish Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ်တွင် ၃၀-၁၁-၂၀၁၈ ရက်စွဲဖြင့် ကျပ် ၂၆,၁၅၁,၀၆၁.၁၀ ရှိကြောင်း တင်ပြထားပါသည်။

၁၀။ ဝန်ထမ်းသက်သာ ချောင်ချိရေးအစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၊ မီးဘေး ကြိုတင်ကာကွယ်ရေး စီမံချက်နှင့် CSR Project တို့ကို တင်ပြထားပါသည်။

၁၁။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ၃၉/၂၀၁၈ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ပါဝင်ပြီး ISIC Code- 1080 တွင် အကျုံးဝင်ပါသည်။

(ခ) အဆိုပြု လုပ်ငန်းဆောင်ရွက်မည့် နေရာသည် ဇုန်(၂)တွင် ပါဝင်ပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

(ဃ) ဥပဒေပုဒ်မ၃၆(ဂ)အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း EIA ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ကော်မရှင်သို့ အဆိုပြုချက်တင်ပြရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၃။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Golden Southwest Group Company Limited မှ တိရစ္ဆာန် အစားအစာများ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ

ရန်ကုန်တိုင်းဒေသကြီး (တံဆိပ်)

တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
စာအမှတ်၊ ရက-၁/၃/၄(အီးအိုင်အေ)(၁၆၁၉/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

သို့

အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **Myanmar Golden Southwest Group Company Limited ၏ ကြက်အစားအစာများနှင့် တိရိစ္ဆာန်အစားအစာများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၉-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ရကတ/ရနမ-၂/၂၀၁၈ (၆၃၀)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Golden Southwest Group Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် -(၁၁၄၊ ၁၁၆၊ ၁၁၇) တွင် ကြက်အစားအစာများနှင့် တိရိစ္ဆာန်အစားအစာများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုကြောင်း တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ အပိုဒ် ၇၁၊ ၇၂ (ခ) တို့အရ လက်ခံခြင်း၊ ငြင်းပယ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် စိစစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပြုပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကို စိစစ်တွေ့ရှိရပါသည်-

(က) ကနဦးရင်းနှီးမြှုပ်နှံမှုကာလမှာ (၅၀) နှစ်ဖြစ်ပြီး (၁၀) နှစ် (၂) ကြိမ်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်ကြောင်းနှင့် သက်တမ်းတိုး (၅) နှစ် (၁) ကြိမ် ဆောင်ရွက်ရမည်ဖြစ်ကာ တည်ဆောက်ပြင်ဆင်ရေးကာလမှာ (၁) နှစ် ဖြစ်ကြောင်း၊

(ခ) ကြက်အစားအစာများနှင့် တိရိစ္ဆာန်အစားအစာများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြေဧရိယာ (၄.၀၃၀) ဧက (၁၆,၃၁၂.၈၇၈ စတုရန်းမီတာ) ပေါ်တွင် ပေ (၃၀၀ × ၁၆၀) ပတ်လည်ရှိသော ကုန်ကြမ်းပစ္စည်းများသိုလှောင်အဆောက်အဦး (၁) လုံး၊ ပေ (၆၅ × ၆၅) ပတ်လည်ရှိသော စက်ရုံ (၁) လုံး၊ ပေ (၁၆၀ × ၁၀၀) ပတ်လည်ရှိသော

ကုန်ချောများထားရှိမည့် အဆောက်အဦ (၁) လုံး၊ ပေ (၆၀ × ၄၀) ပတ်လည်ရှိသော ရုံး အဆောက်အဦ (၁) လုံးနှင့်ပေ (၈၀ × ၃၀) ပတ်လည်ရှိသော အလုပ်သမား အဆောင် အဆောက်အဦး (၁) လုံး တို့အား ဆောက်လုပ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဂ) အသုံးပြုသည့် ပြောင်းဖူး၊ ဂျုံ၊ စပါးခွံ၊ ပဲငါးပိပဲ၊ တိရစ္ဆာန်အဆီ၊ အသားနှင့် အရိုး အစရှိသော ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှ ရယူအသုံးပြု၍ စက်ပစ္စည်းများကို တရုတ်နိုင်ငံမှ တင်သွင်းပြီး အသုံးပြုသွားမည်ဖြစ်ကြောင်း၊

(ဃ) ထုတ်လုပ်မှုအနေဖြင့် အသားစာ၊ ဥစာနှင့် ဝက်စာပထမနှစ်တွင် မတ်ထရစ်တန်ချိန် (၄၀,၀၀၀) ကျော်မှ နှစ် (၃၀) အတွင်း မစ်ထရစ်တန်ချိန် (၂၂၀,၀၀၀) ခန့်အထိ တိုးမြှင့် ထုတ်လုပ်၍ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း၊

(င) လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်သားအနေဖြင့် နိုင်ငံခြားသား ဝန်ထမ်းဦးရေ (၁၈) ဦး နှင့် နိုင်ငံသား (ပြည်တွင်း) ဝန်ထမ်း (၂၀၀) ဦးအထိ တိုးမြှင့်ခန့်အပ်၍ လုပ်ငန်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊

(စ) ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်နှင့် လုပ်ငန်းခွင်သက်သာ ချောင်ချိ ရေးအစီအစဉ်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဆ) လုပ်ငန်းမှ နှစ်စဉ်ရရှိလာမည့် အသားတင်အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းကို လူမှုရေးဆိုင်ရာ တာဝန်ခံမှု (Cooperate Social Responsibility - CSR) လုပ်ငန်းများတွင် ထည့်ဝင် အသုံးပြုသွားမည်ဖြစ်ကြောင်း။

၃။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုလာသော လုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်-

(က) ကုန်ကြမ်းများကိုထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်မှ စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း နှင့် သန့်စင်ဆေးကြောခြင်းလုပ်ငန်းမှ ရေဆိုးများထွက်ရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ ရေ၊ လေ၊ မြေ ညစ်ညမ်းမှုများဖြစ်ပေါ်စေနိုင်ခြင်း၊

(ခ) လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွင်း စူးရှအနံ့နှင့် အခိုးအငွေ့များထွက်ရှိခြင်း၊ လုပ်ငန်းအဆင့်တိုင်း စက်များအသုံးပြုဆောင်ရွက်ခြင်းနှင့် စက် ပစ္စည်းများ ချို့ယွင်းခြင်းကြောင့် အခန်းအတွင်း/ အပြင် လေထုညစ်ညမ်းမှု ဖြစ်ပေါ် နိုင်ခြင်း၊ လုပ်ငန်းခွင်ဝန်ထမ်းများ၏ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်နိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ပြဿနာများဖြစ်ပေါ်စေနိုင်ခြင်း၊

(ဂ) ကုန်ကြမ်းများအား စနစ်တကျသိုလှောင်ခြင်းမရှိပါက အနံ့အသက်များထွက်ရှိခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းမှ ထွက်ရှိလာသည့် ဆူညံသံများနှင့် အသံညစ်ညမ်းမှုများကြောင့် အလုပ်သမားများနှင့် စီမံကိန်းစက်ရုံဧရိယာအနီးတဝိုက်ရှိ ပြည်သူများ၏ကျန်းမာရေးအား ထိခိုက်မှုဖြစ်စေနိုင်ခြင်း။

၄။ သို့ဖြစ်ပါ၍ Myanmar Golden Southwest Group Company Limited ၏ ကြက်အစားအစာများနှင့် တိရစ္ဆာန်အစားအစာများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားပြန်ကြားအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် နည်းစနစ်များကို အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Cooperate Social Responsibility - CSR) အတွက် နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းကို အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်သွားမည့် ကတိကဝတ်များကို တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၄၉)၊ (၆၃) တို့နှင့်အညီဆောင်ရွက်ရန်၊

(ဂ) စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းရှင်အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) အစီရင်ခံစာရေးသားပြုစုရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၄၅) နှင့် (၄၆) တို့အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း (EIA) မစတင်မီ အဆိုပါလုပ်ငန်းကို ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ရယူရန်၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၄၇) မှ အပိုဒ် (၅၄) အထိ ဖော်ပြချက်အရ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို လမ်းညွှန်ချက်များနှင့်အညီ လေ့လာဆန်းစစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(စ) အတည်ပြုပြီးသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအစီရင်ခံစာပါ အချက်အလက်များ အပေါ် အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၃) ပါအချက်နှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (EIA) ကို ရေးဆွဲရန်၊

(ဆ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် လေ့လာဆန်းစစ်မှု ရလဒ်များကို အခြေခံ၍ စီမံကိန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမှုရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် သန့်စင်ခန်းများ၊ အမှိုက်ပုံးများအား အလုံအလောက်ထားရှိခြင်း၊ စက်ရုံပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးအတွက် သင့်တော်မည့် ရေစီးရေလာစနစ်များ၊ ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်ခြင်း၊ စွန့်ပစ်ပစ္စည်းအစီအမံများ၊ စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရှိရန်၊ လုပ်ငန်းခွင် လေကောင်း လေသန့်ရရှိစေရေး စီမံဆောင်ရွက်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် သတ်မှတ်နေရာများတွင် စွန့်ပစ်မှုစနစ်များထားရှိရန်၊

(ဈ) လုပ်ငန်းအဆင့်တိုင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများကို စွန့်ပစ်ရေဆိုးသန့်စင်သည့် စနစ်တည်ထောင်၍ အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) စံချိန်စံညွှန်း လမ်းညွှန်းချက်များတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ စနစ်တကျသန့်စင် စွန့်ပစ်သွားရန်၊

(ည) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတင်ပြရာတွင် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများဖြည့်စွက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပူးတွဲတင်ပြရန်၊

(ဋ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

ခင်သီတာတင်
၂၃/၁၁/၂၀၁၈
(ခင်သီတာတင်)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

မိတ္တူကို

ရုံးလက်ခံ၊ မျှောစာတွဲ